# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၆၃ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

( ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် )

**လူ့ဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် " **လူ့ဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ** " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဝန်ကြီး အဖွဲ့ဝင်
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ည) ပြည်နယ်ဥပဒေချုပ် အဖွဲ့ဝင်
ပြည်နယ်ဥပဒေချုပ်ရုံး
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ဋ) အတွင်းရေးမှူး အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ဌ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဍ) ဝန်ကြီး တွဲဖက်အတွင်းရေးမှူး
လူမှုရေးရာဝန်ကြီးဌာန
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

၂။ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသင့်သူများကို အသိအမှတ်ပြု၍ ဥပဒေနှင့်အညီ နိုင်ငံသားအခွင့်အရေးရရှိစေရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်၊

(ခ) လက်ခံရေးစခန်းများတွင် စိစစ်လက်ခံခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်ရန်နှင့် အခြားသော ကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(ဂ) ပြန်လည်လက်ခံရေးစခန်းများက စိစစ်လက်ခံပြီးသူများကို ကြားစခန်းများသို့ စနစ်တကျ ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ရခိုင်ပြည်နယ်အတွင်း မြို့နယ်အလိုက်နေထိုင်သော လူဦးရေအမှန်စာရင်းအား နောက်ဆုံးအခြေအနေအထိ ကောက်ယူပြုစုတင်ပြရန်၊

(င) ရခိုင်ပြည်နယ်အတွင်း နေထိုင်သော လူမျိုးစုများ၏ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် အရှိန်အဟုန်မြှင့်တင်နိုင်မည့် လုပ်ငန်းစီမံချက်ရေးဆွဲ၍ ဗဟိုကော်မတီသို့တင်ပြရန်၊

(စ) နိုင်ငံသားစိစစ်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂအပါအဝင် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဆ) ရခိုင်ပြည်နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းအမျိုးမျိုး၌ ခိုလှုံနေထိုင်သူများတွင် နိုင်ငံသားစိစစ်ရေးလက်မှတ်ရရှိပြီးသူစာရင်း၊ ယာယီသက်သေခံလက်မှတ် အထောက်အထားမရှိသူများစာရင်းတို့အား နောက်ဆုံးအခြေအနေအထိ စာရင်းကောက်ယူပြီး လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်မည့် စီမံချက်၊ အကြံပြုချက်နှင့်တကွ ပြုစုတင်ပြရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၉ - ၄ - ၂၀၂၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၂၄/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး